**SPDC နဲ့ NLD 'စကားပြော' ကြမှာနဲ့ ပတ်သက်ပြီး**
**ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ထုတ်ပြန်ချက်**
**အမှတ် (၈/၂၀၀၇)**
**(၉ - - ၁၁ - ၂၀၀၇)**

(၁) ပြည်တွင်းအခြေအနေနဲ့ နိုင်ငံတကာ့အခြေအနေက မြန်မာ့ပြဿနာကို အမြန်ဖြေရှင်းဖို့ တောင်းဆိုနေပါသည်။ ကာယကံရှင်များက တာဝန်ရှိရှိ၊ တာဝန်သိသိ ဖြေရှင်းကြစေလိုပါသည်။

(၂) ဖြေရှင်းရမည့်ကိစ္စက များပါသည်။ အရေးအကြီးဆုံးကိစ္စကို အရင်ဆုံးဖြေရှင်းစေလိုပါသည်။ ဟိုမရောက်ဒီမရောက်ဖြစ်နေလျှင်၊ အချိန်ဆွဲနေလျှင် တိုင်းပြည်အတွက် ပြည်သူပြည်သားများအတွက် ဘေးဒုက္ခပေါင်းစုံကို ထပ်ပြီးဖိတ်ခေါ်သလိုသာ ဖြစ်ပါလိမ့်မည်။ အရေးအကြီးဆုံးမှာ မည်သည့်ဘက်ကမှ တဖက်သတ်အနိုင်ယူချင်လို့ မရတာကို အသိအမှတ်ပြုကြဖို့ ဖြစ်ပါသည်။

(၃) ကာယကံရှင်များ လုပ်ကြတာနဲ့ ဆွေးနွေးကြတာကို တံခါးပိတ်ပြီး လုပ်နေလို့ မဖြစ်ပါ။ ပြည်သူသို့ အသိပေးသင့်တာ မှန်သမျှကို အသိပေးစေလိုပါသည်။

(4) SPDC နဲ့ NLD တို့အတွက်သာမက တိုင်းပြည်အတွက်ပါ အရေးအကြီးဆုံးအချိန် ဖြစ်နေပါသဖြင့် မိမိတို့ပါတီက ဖြစ်ပေါ်မှုမှန်သမျှကို အလေးထားစောင့်ကြည့်နေမည် ဖြစ်ပါသည်။ ထင်မြင်ချက်ပေးစရာရှိလျှင် ပေးပါမည်။ ဝေဖန်စရာရှိလျှင် ဝေဖန်ပါမည်။ အားပေးထောက်ခံစရာရှိလျှင် ထောက်ခံပါမည်။

(၅) အစကောင်းပြီး အနှောင်းသေချာစေလိုပါသည်။ ပြဿနာထပ်ပြီးတက်ခြင်းမျိုး မဖြစ်စေလိုတာက မိမိတို့၏အစစ်အမှန်ဆန္ဒ ဖြစ်ပါသည်။